HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

# ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဆောင်ရွက်ရန်စာရင်း

ဤဆောင်ရွက်ရန်စာရင်းသည် မိတ်ဖက်များ၏ အဖွဲ့အစည်းများနှင့် အစီအစဥ်များတွင် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အကောင်းဆုံး အလေ့အကျင့်များကို အကောင်အထည်ဖော်နိုင်စေရေးအတွက် ထည့်သွင်းစဉ်းစားသင့်သည့် အဓိကနယ်ပယ်များကို ဖော်ထုတ်ထားသည်။ အစီအစဥ်/အဖွဲ့အစည်း၏ အရွယ်အစားနှင့် အကောင်အထည်ဖော်ဆောင်နေသည့် လုပ်ငန်း၏ အန္တရာယ်ရှိမှုအဆင့်အနေအထား (ဥပမာ ကလေးသူငယ်များ သို့မဟုတ် အန္တရာယ်အတွင်း ကျရောက်လွယ်သည့် လူကြီးများနှင့်အတူ အလုပ်လုပ်ကိုင်ခြင်းသည် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာအန္တရာယ် ပိုမိုမြင့်မားနိုင်သည်) အပေါ် မူတည်၍ ရှုပ်ထွေးမှုနှင့် စာရွက်စာတမ်းဆောင်ရွက်ရမှု အဆင့်များ ကွဲပြားနိုင်သည်။ ဥပမာ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ မူဝါဒနှင့် ဆက်လျဉ်း၍ အန္တရာယ်ရှိမှုနည်းပါးသော အစီအစဉ်တစ်ခုအနေဖြင့် ၎င်း၏ အဖွဲ့အစည်းဆိုင်ရာ ကာကွယ်စောင့်ရှောက်ခြင်းချဉ်းကပ်မှု စာရွက်စာတမ်းများအပေါ် အားထားနိုင်သော်လည်း ကြီးမားသော/အန္တရာယ်ရှိမှု မြင့်မားသော အစီအစဉ်တစ်ခုအနေဖြင့် သီးသန့်ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ မူဝါဒစာရွက်စာတမ်းများ လိုအပ်နိုင်သည်။

## ကာကွယ်စောင့်ရှောက်ခြင်း

- သင့်တွင် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ မူဝါဒ ရှိပါသလား။
- အဆိုပါ မူဝါဒတွင် အနိုင်ကျင့်ခြင်း၊ စော်ကားနှောင့်ယှက်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားခြင်းများအပေါ် သည်းခံခြင်းလုံးဝမရှိသည့် ဖော်ပြချက်တစ်ခု အပါအဝင် ကာကွယ်စောင့်ရှောက်ခြင်းအပေါ် သင်၏ကတိကဝတ်ပြုမှုအား ဖော်ပြချက်တစ်ခု ပါဝင်ပါလား။
- သင့်တွင် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အမှုကိစ္စရပ်များကို မှတ်ပုံတင်ထားခြင်းနှင့် ၎င်းတို့အား မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းခဲ့ကြောင်းများအပေါ် အသေးစိတ်မှတ်သားထားမှုများ ရှိပါသလား။ သင်သည် ယခင်က စွပ်စွဲချက်များအား လက်ရှိထုတ်ဖော်တင်ပြချက်များနှင့် ခွဲခြား၍ ခြားနာကာ ကိုင်တွယ်ပါသလား။
- သင်၏ လူသစ်စုဆောင်းရေး မူဝါဒတွင် အထူးသဖြင့် ကလေးသူငယ်များ သို့မဟုတ် အန္တရာယ်တွင်း ကျရောက်လွယ်သော လူကြီးများနှင့် အတူတကွ အလုပ်လုပ်ကိုင်ရန် ပါဝင်သည့် အစီအစဉ်များတွင် အလုပ်လုပ်ကိုင်ရန် အလားအလာရှိသူများအပေါ် ရာဇဝတ်မှုဆိုင်ရာ နောက်ခံအချက်အလက်များ စစ်ဆေးမှု ပါဝင်ပါလား။

Supported by
UKaid
This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies

- သင်၏ ကာကွယ်စောင့်ရှောက်ခြင်း မူဝါဒကို သင်နှင့်လက်တွဲ လုပ်ဆောင်သည့် မိတ်ဖက် လူပုဂ္ဂိုလ် အဖွဲ့အစည်းများ နှင့် မျှဝေပါသလား။
- သင့်တွင် အကြီးတန်းခေါင်းဆောင်များနှင့် ဘုတ်အဖွဲ့သို့ ပုံမှန်အစီရင်ခံသည့် အကြီးတန်း ကာကွယ်စောင့်ရှောက်ခြင်း အရာရှိတစ်ဦး ရှိပါသလား။
- သင့်တွင် သင်၏ အဖွဲ့အစည်းကို လက်တွဲလာသည့် အုပ်ချုပ်ရေးဆိုင်ရာ တရားဝင်တာဝန်ရှိသူများ/ဝန်ထမ်း/စေတနာဝန်ထမ်း အသစ်များအတွက် သင့်တော်သည့် အချိန်ကာလတစ်ခုအတွင်း မဖြစ်မနေတက်ရောက်ရမည့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ လေ့ကျင့်သင်ကြားရေးအား ပေးဆောင်ပါသလား။
- ဝန်ထမ်း/စေတနာ့ဝန်ထမ်းများအတွက် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ မဖြစ်မနေတက်ရောက်ရမည့် ပုံမှန် ဉာဏ်သစ်လောင်းသင်တန်းများ ပေးဆောင်ပါသလား။

**<u>သတင်းပေးခြင်း (Whistleblowing)</u>**

- သင့်တွင် သတင်းပေးသူများအား လက်တုံ့ပြန်ခြင်းအန္တရာယ်မှ ကာကွယ်ပေးပြီး ထုတ်ဖော်တင်ပြထားသည့် စိုးရိမ်ပူပန်မှုများအား ကိုင်တွယ်ဖြေရှင်းရန်နှင့် ပါဝင်နေသည့် ၎င်းအားတင်ပြသူနှင့် အမှုစဉ်များအတွက် ရှင်းလင်းသော လုပ်ငန်းစဉ်များ ပါဝင်သည့် သတင်းပေးခြင်း ဆိုင်ရာ မူဝါဒတစ်ခု ရှိပါသလား။
- သင့်တွင် သင်၏ အဖွဲ့အစည်းကို လက်တွဲလာသည့် ဂေါပကအဖွဲ့ဝင်/အကျိုးတော်ဆောင်များ/ဝန်ထမ်း/စေတနာဝန်ထမ်း အသစ်များအတွက် သင့်တော်သည့် အချိန်ကာလတစ်ခုအတွင်း မဖြစ်မနေတက်ရောက်ရမည့် သတင်းပေးခြင်းဆိုင်ရာ လေ့ကျင့်သင်ကြားရေးအား ပေးဆောင်ပါသလား။

**<u>လူစွမ်းအားအရင်းအမြစ်၊ လူသစ်စုဆောင်းခြင်းနှင့် ရွေးချယ်ခြင်း</u>**

- သင်၏ လူသစ်စုဆောင်းခြင်း လုပ်ငန်းစဉ်တွင် အလုပ်ကဏ္ဍတစ်ခု၏ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အန္တရာယ်အဆင့်ကို ထည့်သွင်းစဉ်းစား၍ မှတ်တမ်းတင်ထားပါသလား။

- သင့်တွင် ကဏ္ဍတစ်ခု၏ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီမှုတသည့် မတူညီသော လူသစ်စုဆောင်ခြင်းနှင့် လုံခြုံရေးဆိုင်ရာ စစ်ဆေးမှုအဆင့်များ ရှိပါသလား။
- သင်၏ လူအရင်းအမြစ်ဆိုင်ရာ မူဝါဒသည် ကောင်းမွန်စွာစီစဉ်ထားသည့် အင်တာဗျူးဖြစ်စဉ်တစ်ခုအဖြစ် ပုံဆောင်နိုင်ပါသလား။
- အင်တာဗျူးမေးမြန်းသူများတွင် လက်ရှိကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အလေ့အကျင့်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ အတွေ့အကြုံများနှင့် အသိပညာများ ရှိပါသလား။
- အကယ်၍ အန္တရာယ်ဖြစ်လွယ်သည့် အုပ်စုများနှင့် တိုက်ရိုက်လုပ်ကိုင်ရမည့် အခန်းကဏ္ဍဆိုခဲ့လျှင် သင်၏ မူဝါဒတွင် ကလေးသူငယ်များ နှင့်/သို့မဟုတ် အန္တရာယ်တွင်း ကျရောက်လွယ်သည့် လူကြီးများအား ကာကွယ်ရေးနှင့် ဆက်စပ်၍ လူတစ်ဦး၏ သဘောထားများနှင့် တန်ဖိုးထားမှုများကို ထုတ်ဖော်ပြသနိုင်သည့် အထူးပြုမေးခွန်းများ အင်တာဗျူးများတွင် ပါဝင်ပါသလား။
- အလုပ်လျှောက်သူ၏ အတွေ့အကြုံများနှင့် ကလေးသူငယ်များနှင့် အလုပ်လုပ်ကိုင်ရန် သင့်တော်မှုတို့ အပေါ် သိရှိသည့် ယခင်အလုပ်ရှင်များ သို့မဟုတ် အခြားသူများအပါအဝင် ကိုးကားပေးသူ နှစ်ဦး လိုအပ်ပါသလား။
- သင်၏ မူဝါဒတွင် တာဝန်ထမ်းဆောင်ရန် အလားအလာရှိသူအားလုံးအတွက် နောက်ခံအကြောင်းအရာ စစ်ဆေးရန် လိုအပ်ပါသလား။
- သင့်အနေဖြင့် အလုပ်စတင်လုပ်ကိုင်ချိန်တွင် အလုပ်နှင့်သင့်လျော်မှုရှိခြင်းအား သေချာစေရန် အစမ်းခံကာလများကို အသုံးပြုပါသလား။

## ကျရောက်နိုင်သည့် အန္တရာယ် စီမံခန့်ခွဲမှု

- သင့်တွင် ကာကွယ်စောင့်ရှောက်ခြင်း အပါအဝင် အန္တရာယ် ဖြစ်ပွားနိုင်မှုနှင့် အန္တရာယ် အမျိုးအစားများအား ခြုံငုံထားသည့် ကျရောက်နိုင်သည့် အန္တရာယ် စီမံခန့်ခွဲမှုမူဝါဒ သို့မဟုတ် မူဘောင်တစ်ခု ရှိပါသလား။
- သင်၏ အန္တရာယ် စီမံခန့်ခွဲရေးမူဝါဒများအား ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အန္တရာယ်များနှင့် ဆက်စပ်၍ သင်၏ လက်အောက်ခံ မိတ်ဖက်များထံ မျှဝေပါသလား။ လက်အောက်ခံ မိတ်ဖက်များအား ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အမှုကိစ္စရပ်များနှင့် ပတ်သက်၍ အရှိန်အဟုန်မြင့်မားလာရေး လုပ်ထုံးလုပ်နည်းများအပေါ် အကြံပြုပါသလား။

Supported by
UKaid
This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies

- သင့်တွင် အဖွဲ့အစည်းလုံးဆိုင်ရာ အလုံးစုံအန္တရာယ်ရေးရာ မူဘောင်တစ်ခုအတွင်းသို့ အချက်အလက်ထည့်သွင်းသည့် အစီအစဉ်အားလုံးအတွက် အန္တရာယ်ဆိုင်ရာ မှတ်တမ်းများ ရှိပါသလား။
- သင်၏ အန္တရာယ်ဆိုင်ရာ မှတ်တမ်းများအပေါ် အကြီးတန်းဝန်ထမ်းများမှ ပုံမှတ်ကြီးကြပ်မှုရှိပါသလား။
- အကျုံးဝင်ပါက - ရန်ပုံငွေစုဆောင်းခြင်း အတွေးအခေါ်များနှင့် ပြင်ပသို့ ဆက်သွယ်ရေးဆိုင်ရာ အန္တရာယ်များဆိုင်ရာ လုပ်ရှားမှုများမှ မည်သည့် ထိခိုက်မှုမျှ မရှိစေရန်ကို အကဲဖြတ်ပါသလား။ ဥပမာအားဖြင့် သင့်အနေဖြင့် ကာကွယ်စောင့်ရှောက်ခြင်းခေါင်းစဉ်ဖြင့် ရန်ပုံငွေရရှိမှုအား သေချာစေရန် တစ်ဦးတစ်ယောက်ချင်းစီအတွက် ရန်ပုံငွေကောက်ခံခြင်းကို ငွေကြေးအထောက်အပံ့ပေးသူများမှတဆင့် လုပ်ဆောင်နေခြင်း။

## ကျင့်ဝတ်စည်းကမ်း

- အဖွဲ့အစည်း၏ အလုပ်ခွင်အတွင်းနှင့် ပြင်ပတွင် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၏ မျှော်မှန်းထားသော အပြုအမူများနှင့် အဆိုပါ စံသတ်မှတ်ချက်များနှင့် မကိုက်ညီသော သို့မဟုတ် ချိုးဖောက်သော ဖြစ်ရပ်တစ်ခုဖြစ်ပွားပါက မည်ကဲ့သို့ အရေးယူမည့်အပေါ် ရှင်းလင်းစွာဖော်ပြထားသည့် ကျင့်ဝတ်စည်းကမ်းတစ်ခု ချမှတ်ထားပါသလား။

- ဤကျင့်ဝတ်စည်းကမ်းသည် အကျိုးခံစားရသူများ အပါအဝင် လူအားလုံး၏ ကောင်းကျိုးနှင့် care ကို ဦးစားပေးပါသလား။

- ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းအားလုံးကို ၎င်းတို့၏ အလုပ်ဝင်သင်တန်းတွင် တစ်စိတ်တစ်ပိုင်းအနေဖြင့် ဤကျင့်ဝတ်စည်းကမ်းအပေါ် လေ့ကျင့်သင်ကြားမှုပေးထားပါသလား။

- လက်အောက်ခံ မိတ်ဖက်များနှင့် အဖွဲ့ဝင်များ၏ စီမံခန့်ခွဲမှုအတွက် မူဝါဒများနှင့် အလေ့အကျင့်များသည် ဤကျင့်ဝတ်စည်းကမ်းနှင့် ကိုက်ညီပါသလား။

**အုပ်ချုပ်ရေးနှင့် တာဝန်ယူမှု**

- အုပ်ချုပ်ရေးဖွဲ့စည်းပုံသည် အတွင်းပိုင်းနှင့် အပြင်ပိုင်း ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ကိစ္စရပ်များ၏ စီမံခန့်ခွဲမှုဆိုင်ရာအပေါ် ပုံမှန်ပြန်လည်သုံးသပ်ချက်အား ထင်ဟပ်ပြသပါသလား။

- သင့်တွင် အဖွဲ့အစည်းတစ်ခုလုံးအတွက် အစီရင်ခံခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များအတွက် တာဝန်ယူမှု တာဝန်ခံမှုရှိပြီး လက်အောက်ခံမိတ်ဖက်များ၏ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းလမ်းများကို ထည့်သွင်းပါဝင်စေသည့် ဘုတ်အဖွဲ့အဆင့်ရှိသည့် သတ်မှတ်ထားသော ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အရာရှိတစ်ဦးရှိပါသလား။

- သင်၏ အကျိုးခံစားရသူများအနေဖြင့် ၎င်းတို့နှင့် ၎င်းတို့၏ ရပ်ရွာအသိုင်းအဝိုင်းအပေါ် အကျိုးသက်ရောက်မှုရှိနေသည့် ဤအဖွဲ့အစည်း၏ မည်သည့် အုပ်ချုပ်ရေးဖွဲ့စည်းပုံ နှင့်/သို့မဟုတ် အစီအစဉ်တစ်စုံတစ်ရာအတွင်း တိုက်ရိုက်ပါဝင်နေပါသလား။

- သင်၏ လက်အောက်ခံမိတ်ဖက်များတွင် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဘုတ်အဖွဲ့သို့ တင်ပြပေးရန် သေချာစေသည့် လုပ်ထုံးလုပ်နည်းများ ချမှတ်ထားပါသလား။